# ဆိတ်ဖူးကျင်းကျေးရွာ

# တောင်တွင်းကြီးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆိတ်ဖူးကျင်းကျေးရွာ ၊ တောင်တွင်းကြီးမြို့နယ်

( စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )

၂၀၁၈ ခုနှစ် ၊ အောက်တိုဘာလ

## မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| စကားချီ | | ၄ |
| တောင်တွင်းကြီးမြို့နယ် ၊ ဆိတ်ဖူးကျင်းကျေးရွာအရင်းအမြစ်ပြမြေပုံ | | ၅ |
| ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ် | | ၆ |
| (၁) | နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၆ |
| ၁။ | တည်နေရာနှင့် ပထဝီအနေအထား | ၈ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | ၈ |
| ၃။ | ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | ၈ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ | ၈ |
| | (ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၈ |
| | (ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၉ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၁၀ |
| | (င) ပညာရေး | ၁၀ |
| | (စ) ကျန်းမာရေး | ၁၀ |
| | (ဆ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀ |
| | (ဇ) ကျား/မ ရေးရာ | ၁၁ |
| ၄။ | ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ | ၁၂ |
| ၅။ | ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ | ၁၃ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ | ၁၄ |
| | ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ | ၁၄ |
| | ဇယား (၂) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်အခြေအနေ | ၁၅ |
| | ဇယား (၃) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ | ၁၅ |
| | ဇယား (၄) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၁၆ |
| | ဇယား (၅) ဥစ္စာဓနအဆင့်အခြေအနေ | ၁၈ |
| | ဇယား (၆) စိုက်ပျိုးနိုင်သော မြေဧရိယာ | ၁၉ |
| | ဇယား (၇) ကျေးရွာ၏ အဓိကသီးနှံများနှင့် အထွက်နှုန်း | ၂၀ |
| | ဇယား (၈) မွေးမြူရေးလုပ်ငန်း | ၂၀ |
| | ဇယား (၉) မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ | ၂၂ |
| | ဇယား (၁၀) အခြေခံအဆောက်ဦနှင့်ဝန်ဆောင်မှုများ | ၂၃ |
| | ဇယား (၁၁) ကျေးရွာလမ်းပန်းဆက်သွယ်ရေးအခြေအနေ | ၂၄ |
| | ဇယား (၁၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၂၄ |

ဇယား (၁၃) သယ်ယူပို့ဆောင်ရေး ယာဉ်များနှင့်ဝန်ဆောင်မှုများ ၂၅
ဇယား (၁၄) လျှပ်စစ်မီးရရှိမှု ၂၅
ဇယား (၁၅) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ ၂၆
ဇယား (၁၆) ကျောင်းတက်နှုန်း ၂၆
ဇယား (၁၇) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ ၂၇
ဇယား (၁၈) အဖြစ်များသော ရောဂါများ ၂၈
ဇယား (၁၉) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု ၂၈
ဇယား (၂၀) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ) ၂၉
ဇယား (၂၁) သောက်သုံးရေရရှိမှု ၃၀
ဇယား (၂၂) သန့်ရှင်းရေးအခြေအနေ(အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်) ၃၀
ဇယား (၂၃) ဘေးအန္တရာယ်ထိခိုက်မှုအခြေအနေများ ၃၁
ဇယား (၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ ၃၂
ဇယား (၂၅) ကျား/မ ရေးရာ ၃၂

၇။ ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ ၃၃

**စကားချီး**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်တော်တို့ ဆိတ်ဖူးကျင်းကျေးရွာသူ/သားများ ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပထမဆုံး စတင်ရေးဆွဲသောအစီအစဉ် ဖြစ်ပါသည်။စီမံကိန်း ဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးသော တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲခြင်း ၊ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးပါသော စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန် ရှိသူများအားလုံး ကျေးဇူးတင်ရှိပါသည်။


ကျွန်တော်တို့ ကျေးရွာတွင် ယခင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် ရပ်မိရပ်ဖများနှင့်သာ ရေးဆွဲ တိုင်ပင်ကြခြင်း ဖြစ်ပါသည်။ယခုကဲ့သို့ အတန်းအစားပေါင်းစုံ စနစ် တကျ ပူးပေါင်းဆောင်ရွက်သည့် စနစ်ကျသည့် စီမံကိန်းမျိုး မရေးဆွဲခဲ့ပါ။ယခုအခါ ထိုသို့ ကျေးရွာလူထုတစ်ရပ်လုံး ပူးပေါင်း ပါဝင်ဆောင်ရွက်မှသာ အောင်မြင်စနစ်ကျသည့် စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်သည်ကို သိရှိခဲ့ရပါသည်။နောင်တွင် မည်သည့်ကိစ္စရပ် တိုင်ပင်ဆွေးနွေးမှုများတွင် မဆိုလူထုပူးပေါင်းပါဝင်နိုင်ရေး အလေးထား ဆောင်ရွက်ရပါမည်။ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲသည့်အခါ ကျေးရွာသူ/သားများ၏ နေထိုင်မှု ၊ ပိုင်ဆိုင်မှု ၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍ အစုံသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်နေကြောင်း သိရှိရပြီး ကဏ္ဍအစုံမှ ထွက်ရှိ လာသော အချက်အလက်များကို ကြည့်ရှုခြင်းအားဖြင့် လိုအပ်ချက်များကို ဖော်ထုတ်သိရှိနိုင်မည် ဖြစ်ပါသည်။ထိုသို့ မှန်ကန်သော လိုအပ်ချက်များအား သိရှိနိုင်မှသာ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည့်သင့်လျော်သော အဖွဲ့အစည်းများ ဦးစီးဌာနများထံ တင်ပြတောင်းခံနိုင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း စီမံကိန်းသည် စာရင်းဇယားများ ၊ ကျေးရွာလူထု၏ လူနေမှုအခြေအနေ ပိုင်ဆိုင်မှုများကို ကောက်ယူပြီးမှ လိုအပ်ချက်ပေါ် မူတည်၍ ကျေးရွာလူထု၏ ဆန္ဒဖြင့် အမှန်တကယ်လိုအပ်သော စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သဖြင့် အလွန်ကောင်းမွန်ပြီး အကျိုးရှိသော စီမံကိန်း ဖြစ်ပါသည်။

ယခုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာလူထုကိုယ်တိုင် ပါဝင်ရေးဆွဲသော ဆိတ်ဖူးကျင်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း စာအုပ် အား စီမံကိန်းကာလအတွင်းသာ အသုံးပြုခြင်း မဟုတ်ဘဲ ပြောင်းလဲမှုရှိလာသည်နှင့်အမျှ ပြုပြင် ဖြည့်စွက် ၍ အစဉ်အမြဲ သုံးစွဲသွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဆိတ်ဖူးကျင်းကျေးရွာ
တောင်တွင်းကြီးမြို့နယ်

## တောင်တွင်းကြီးမြို့နယ် ၊ ဇီးတောအုပ်စု ၊ ဆိတ်ဖူးကျင်းကျေးရွာ  အရင်းအမြစ်ပြမြေပုံ



ရည်ညွှန်း- တောင်တွင်းကြီးမြို့နယ် ၊ ဇီးတောကျေးရွာအုပ်စု ၊ ဆိတ်ဖူးကျင်း ကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/သား များ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်**

**(၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

**(က) ရည်ရွယ်ချက်**

ဆိတ်ဖူးကျင်း ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီ အစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီ ဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် ရေးဆွဲရေး အတွေ့အကြုံ မရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း ၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေး ထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှုးရုံး ၊ ဌာနဆိုင်ရာများ စသည်တို့မှ လိုအပ် သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန် နှင့် ကျွန်တော်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်း သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့ နေရသော ပြဿနာများဖြစ်ရသည့် အခြေခံအချက်များ ၊ ဖွံ့ဖြိုးရေးကို အထောက် အပံ့ဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်တော်တို့အနေဖြင့် ဆောင်ရွက် မည့် နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်း ဖော်ပြထားပါသည်။

ကျွန်တော်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ ၊ ပုဂ္ဂလိက ကဏ္ဍ ၊ ဘဏ်များ ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန် မျှော်လင့်ပါသည်။

**( ခ ) နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်တော်တို့၏ အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း ဆောင်ရွက်ပေးရန် ဤဖွံ့ဖြိုးရေးစီမံချက်များကို မြို့နယ်အဆင့် ၊ ခရိုင်အဆင့် ၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြသွားမည်ဖြစ်ပါသည်။ပုဂ္ဂလိက အဖွဲ့ အစည်းများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေး ဆိုင်ရာ လိုလားချက်များ ၊ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်ဖွံ့ဖြိုးလာစေရန် ဗျူဟာ မြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာ နိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာ ချေးငွေအဖွဲ့အစည်းများ ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့ အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါသည်။

(ဂ) **စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်တော်တို့ကိုယ်တိုင် တက်နိုင်သော ငွေကြေး ၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိလာနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများကို ချမှတ်ခဲ့ကြပါသည်။ယခုအခါ ယင်းကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိပြီးဖြစ်ပါသည်။ဤသို့ ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း ၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

## ၁။ တည်နေရာနှင့်ပထဝီအနေအထား

ဆိတ်ဖူးကျင်းကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ မကွေးခရိုင် ၊ တောင်တွင်းကြီး မြို့နယ်၏အရှေ့ဘက်တွင် တည်ရှိပါသည်။ကျေးရွာသည် ပထဝီအနေအထားအရ တောင်ကုန်း တောင်တန်း ဒေသဖြစ်ပါသည်။ တောင်တွင်း ကြီးမြို့နှင့် (၁၂)မိုင်ခန့် ကွာဝေးပြီး မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၅၈ မိနစ် နှင့် အရှေ့လောင်ဂျီကျူ ၉၅ ဒီဂရီ ၃၉ မိနစ် အကြားတွင် တည်ရှိပါသည်။ အမြင့်ဆုံးအပူချိန် များမှာ ၄၄.၅ ဒီဂရီ စင်တီဂရိတ်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေ (၄၃၅)ပေ ရှိပြီး မိုးအများဆုံး ရွာသွန်း သောလမှာ ဇူလိုင်နှင့်ဩဂုတ်လတို့ဖြစ်ပါသည်။ ကျေးရွာသည် မြေပြန့်နှင့် ကုန်းမြင့်ဒေသဖြစ်၍ ရွာ၏ အရှေ့မြောက်နှင့် အရှေ့ဘက်တွင် ယာစိုက်ပျိုးသော မြေအမျိုးအစားမှာ သဲနုန်းမြေဖြစ်၍ ရွာ၏ တောင်ဘက် ၊ အနောက်ဘက် ၊ အနောက်မြောက်ဘက်တွင် ရှိသော မြေအမျိုးအစားများမှာ မြေသားမြေစီး ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန် လက်မ (၄၀) ခန့်ရရှိပြီး သဘာဝပေါက်ပင်များမှာ မန်းကျည်း ၊ တမာပင် ၊ ကုက္ကိုပင် ၊ ထန်းပင် ၊ ဇီးပင် စသော အပင်များ ပေါက်လေ့ရှိပါသည်။မိုးစပါး စိုက်ပျိုးနိုင်သော လယ်ဧက (၂၄၀) ခန့်ရှိပြီး သီးထပ်သီးနှံအဖြစ် ကုလားပဲ ၊ မတ်ပဲ ၊ ပဲကြီး ၊ နေကြာနှင့် ပဲတီစိမ်းတို့ စိုက်ပျိုးနိုင်ပါသည်။ ယာမြေဧကမှာ (၅၀၆.၅) ဧကဖြစ်၍ စိုက်ပျိုးနိုင်သော သီးနှံများမှာ ကြံ ၊ နှမ်း နှင့်ဝါများ ဖြစ်ပါသည်။ကျေးရွာအနီးတွင် မြစ်ရေ ၊ချောင်းရေ ၊ ဆည်ရေ ၊ ကန်ရေ မရရှိသောကြောင့် သဘာဝအတိုင်း စိုက်ပျိုးကြရပါသည်။

## ၃။ ကျေးရွာရှိကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ဘုန်းကြီးကျောင်းဂေါပကအဖွဲ့ ၊ ဝတ်ရွတ်သင်းအဖွဲ့ ၊ ကျောင်းကော်မတီအဖွဲ့ ၊ ပရဟိတ အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပါသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ဆိုင်သော သာရေး၊ နာရေး၊လူမှုရေးကိစ္စကြီးငယ်များ ပေါ်ပေါက်လာလျှင် အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်၍ ဂေါပကအဖွဲ့ ၊ ဝတ်အသင်းအဖွဲ့ ၊ ပရဟိတအဖွဲ့ နှင့် ကျေးရွာသူ/သားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရှိပါသည်။ပြင်ပမှ အသေးစားချေးငွေများ ဖြစ်သော ပက်စ်မြန်မာ၊သမဝါယမ ငွေစု ငွေချေးအဖွဲ့ ၊ အစိုးရငွေချေးဘဏ်များ နှင့် (MEC) ကာကွယ်ရေးဝန်ကြီးဌာန အမှတ်(၅)သကြားစက်မှ ကြံစိုက်ပျိုးစရိတ် ထုတ်ချေးငွေများရှိပါသည်။

**( ခ ) စီးပွားရေးနှင့် အသက်မွေးအခြေအနေ**

ကျေးရွာ၏ အဓိက ဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။မိုးရာသီတွင် နှစ်စဉ် မိုးစပါး စိုက်ပျိုးနိုင်ကြပြီး အဓိကသီးနှံမှာ စပါးဖြစ်၍ ကုလားပဲသီးနှံကို သီးထပ်သီးနှံဖြစ် စိုက်ပျိုးပြီး ယာသီးနှံမှာ ကြံ ၊ နှမ်း နှင့် ဝါ သီးနှံတို့ စိုက်ပျိုးကြပါသည်။ ကျေးရွာ၏ စိုက်ပျိုးဧကမှာ (၇၄၆.၅) ဧက ရှိပြီး စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် အနည်းဆုံး (၃၀)တင်းမှ အများဆုံး(၆၅)တင်းထွက်ပြီး ပျမ်းမျှ (၄၀)တင်း ထွက်ရှိသည် ။နှမ်းအထွက်နှုန်းမှာ တစ်ဧကလျှင် အနည်းဆုံး (၂)တင်း မှ အများဆုံး (၄)တင်း ထွက်ရှိပြီး ပျမ်းမျှအားဖြင့် (၃)တင်း ၊ ကြံအထွက်နှုန်း မှာ အနည်းဆုံး (၈)တန် မှ အများဆုံး (၃၀)တန် ထွက်ပြီး ပျမ်းမျှအားဖြင့် (၁၅)တန်နှုန်း ထွက်ပြီး နှစ်စဉ်ကျေးရွာမှ မိုးစပါး (၈၀၀) တင်း ၊ နှမ်း (၃၀၀)တင်း ၊ ကြံ (၃၄၀၀) တန် နှင့် ပဲကြီး (၂၅၀) တင်းခန့်ထွက်ရှိသည်။

မြေအောက်ရေ ရရှိခြင်းသည် သီးထပ်သီးနှံ စိုက်ပျိုးထုတ်လုပ်ရန် အခွင့်လမ်းကောင်းတစ်ခု ဖြစ်သည်။ထိုသီးထပ်သီးနှံ ထုတ်ကုန်များအတွက် ဈေးကွက်၏ အချိတ်အဆက်နှင့် ရောင်းချရေး စနစ်များသည် ဖွံ့ဖြိုးရေးအတွက် ကျေးရွာလူထုမှ စွမ်းဆောင်နိုင်ခြင်း မရှိပါ။မိရိုးဖလာနည်းဖြင့်သာ သီးနှံစိုက်ပျိုးကြသောကြောင့် စိုက်ပျိုးရေးနည်းစနစ်များ မှန်ကန်မှု မရှိခြင်းနှင့် စိုက်ပျိုးရေး နည်းပညာအားနည်းခြင်းတို့ကြောင့် အထွက်နှုန်း နည်းနေကြောင်း တွေ့ရှိရပါသည်။ စပါး ၊ နှမ်း ၊ ကြံ ၊ ပဲကြီး တို့အတွက် ဈေးကောင်းမရသောကြောင့် တောင်သူလယ်သမားများ အကျိုးအမြတ်ရရှိမှု နည်းပါး ပါသည်။သီးနှံထုတ်လုပ်ရောင်းချမှုမှာ ဝင်ငွေနည်းပါးသည့်အတွက် လူငယ်များသည် ပြည်တွင်း ပြည်ပသို့ ထွက်၍ ဝင်ငွေရှာကြရပါသည်။အကျိုးဆက်အနေဖြင့် သီးနှံထုတ်လုပ်မှုတွင် လုပ်သား ရှားပါး လာပါသည်။သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ စိုက်ပျိုးရေးနည်းပညာ သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့်စိုက်ပျိုးရေးသုံး စက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင် ခြင်းများ ရရှိပါက ကျေးရွာ၏ စိုက်ပျိုးကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ရပါသည်။

ကျေးရွာတွင် တောင်သူများအပြင် ကျပန်းလုပ်ကိုင်ကြသူများ ရှိသော်လည်း ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ အတတ်ပညာနှင့် ကျွမ်းကျင်မှုအားနည်းခြင်းတို့ကြောင့် အသက်မွေးဝမ်းကျောင်း အတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။ထို့ကြောင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်း များမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပို့ချပေးမည်ဆိုပါက ကျေးရွာ၏ စီးပွားရေးအခြေအနေမှာ ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

(ဂ) **အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ**

ကျေးရွာတွင် ကျေးရွာသူ/သားများ အားလုံးသည် သန့်ရှင်းသော သောက်သုံးရေ သုံးစွဲရန် အဝီစိတွင်းများတူးဖော်၍အသုံးပြုကြပါသည်။ကျေးရွာရှိအိမ်ထောင်စု(၃၀%)သည် အဝီစိတုံကင် တွင်းများမှာ စက်တပ်၍ သောက်သုံးရေများ ရရှိနိုင်ကြ၍ (၄၀%)သည် အဝီစိတွင်းများမှ လက်နှိပ် တုံကင်တပ်၍ သောက်သုံးရေများ ရရှိနိုင်ကြပါသည်။ ကျေးရွာတွင် မူလတန်းလွန်ကျောင်း(၁) ကျောင်းရှိပြီး ဆရာ/ဆရာမ(၉)ဦးခန့်ရှိပါသည်။အလယ်တန်းပညာကို ကျေးရွာမှ (၂)မိုင်ခန့်ကွာဝေး သော စည်ပင်ခုံကျေးရွာကျောင်းသို့ ပညာသင်ကြားရပြီး အထက်တန်းပညာကို ကျေးရွာမှ(၁၂) မိုင်ခန့် ကွာဝေးသော တောင်တွင်းကြီးမြို့ ၊ အထက(၁) အခြေခံပညာအထက်တန်း ကျောင်းသို့ သွားရောက်၍ ပညာသင်ကြားရပါသည်။

ကျန်းမာရေးဝန်ဆောင်မှုအတွက် ကျေးရွာတွင် ဆေးခန်း ရှိပါသည်။ ကိုယ်ဝန်ဆောင် မိခင် များ ၊ ကလေးသူငယ်များကို လစဉ် ကာကွယ်ဆေးထိုးနှံမှုများ ရှိပါသည်။ မွေးကိုက်လူနာများနှင့် အရေးပေါ်လူနာများမှာ ရွာနှင့် (၁၂)မိုင်ခန့်ဝေးသော တောင်တွင်းကြီးမြို့နယ် ဆေးရုံသို့ သွားရောက် ကြရပါသည်။

ကျေးရွာတွင် လမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးများချိန်တွင် ရွှံ့ဗွက်များ ထူထပ် သဖြင့် ကလေးသူငယ်များ စာသင်ကျောင်းသို့ သွားလာရန် ခက်ခဲပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှု**

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ လယ်တစ်ဧကလျှင် ကျပ် (၁၅၀၀၀၀) နှုန်း ထုတ်ချေးပါသည်။အခြားအသေးစားချေးငွေ ဝန်ဆောင်မှုများဖြစ်သော ပက်စ်မြန်မာ ၊ MECM ကာကွယ်ရေးဝန်ကြီးဌာန အမှတ်(၅) သကြားစက် ၊ သမဝါယမ ၊ ငွေစုငွေကြေးအဖွဲ့ ရှိသော်လည်း တောင်သူလယ်သမားများ အတွက် ချေးငွေရရှိလျှင် ပိုမိုအဆင်ပြေ သွားနိုင်မည် ဖြစ်ပါသည်။

( င ) **ပညာရေး**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အလယ်အလတ်ရှိကြောင်းသိရှိရပါသည်။ ရွာသား အများစု သည် အခြေခံ အရေး အဖတ် အတွက် တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများလည်း ရှိပါသည်။ကျေးရွာတွင် မူလတန်းလွန်ကျောင်းရှိပါသည်။အလယ်တန်း အဆင့် အတွက် (၂)မိုင်ခန့်ကွာဝေးသော စည်ပင်ခုံ သို့ သွားရောက်ပညာသင်ကြားရပြီး အထက်တန်း အဆင့် အတွက် တောင်တွင်းကြီးမြို့အထက(၁)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက် ပညာ သင်ကြားရပါသည်။

( စ ) **ကျန်းမာရေး**

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ မရှိသလောက် နည်းပါးပါသည်။နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတက်ပြီး အခြားလူများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိပါသည်။ကိုယ်ဝန် ဆောင်မိခင်များနှင့်ကလေးသူငယ်များအတွက် ကျန်းမာရေး ကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှ လစဉ် ဆောင်ရွက်ပေးပါသည်။

(ဆ) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာမှ လယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း ၊ သီးထပ်သီးနှံ စိုက်ပျိုးခြင်း တို့အတွက် ဓာတုဗေဒ ကွန်ပေါင်း မြေသြဇာများ အသုံးပြုခြင်း ၊ သဘာဝသစ်ဆွေးမြေသြဇာများ နှစ်စဉ် မထည့်သွင်းနိုင်ခြင်းကြောင့် မြေဆီလွှာ ပျက်ယွင်းမှုများနှင့် ကြုံတွေ့ နေရပါသည်။ စိုက်ခင်းများတွင် ပိုးသတ်ဆေးများ အသုံးပြုရသောကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိပါသည်။ပိုးသတ်ဆေးများ အသုံးပြုရာတွင် ဓာတ်ကြွင်းအန္တရာယ်လျော့ပေါ့ရေးအတွက် ဘေးကင်း လုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာ ဆောင်ရွက်ခြင်းအတွက် အားနည်းသေးကြောင်း တွေ့ရှိရပါသည်။ချောင်းမြောင်းများ တိမ်ကောလာသောကြောင့် မိုးရာသီတွင် မိုးရက်ဆက် ရွာသွန်း မှုများကြောင့် သဘာဝဘေးအန္တရာယ်များကြုံရောက်ခြင်း ၊ သီးနှံအထွက်နှုန်းနည်းခြင်းများဖြစ်ပေါ် ပါသည်။ကျေးရွာ၏ အနောက်ဘက် သဘာဝသစ်တောစိုက်ခင်း (၄) ဧကရှိပါသည်။ထိုသစ်တောများ ရှိပါ၍ သဘာဝဘေးအန္တရာယ် ထိခိုက်မှုမှ အနည်းငယ် ကာကွယ်ပေးပါသည်။

## (၉) ကျား / မ ရေးရာ

ဆိတ်ဖူးကျင်းကျေးရွာတွင် အမျိုးသားဦးရေမှာ (၅၅၈) ဦးရှိပါသည်။အမျိုးသမီးလုပ်သား ဦးရေမှာ အမျိုးသားလုပ်သားထက် ပိုမိုပါသည်။ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင်မူ ကော်မတီကိုယ်စားလှယ်အဖြစ် အမျိုးသားများသာ အဓိက ပါဝင် ဖွဲ့စည်းထားပြီး အမျိုးသမီးများ ပါဝင်ခွင့်ရမှု နည်းကြသည်။လုပ်အားခ သတ်မှတ်ရာတွင်လည်း အမျိုးသားလုပ်အားခမှာ အမျိုးသမီးများ လုပ်အားခထက် ပိုလေ့ရှိပါသည်။အခြား လူမှုရေး အသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြပါသည်။ကျား/မ တန်းတူညီမျှမှု နှင့် ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျား ၊ မ တန်းတူ ညီမျှမှု ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ပိုမို အထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာန ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးစီမံချက်လုပ်ငန်းများ

| စဉ် | ကျေးရွာ အုပ်စု | ကျေးရွာ အမည် | စီမံချက်အမည် | ဦးစားပေး အဆင့်ဝ် | မှတ် ချက် |
|---|---|---|---|---|---|
| ၁ | ဇီးတော | ဆိတ်ဖူးကျင်း | ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း | ၁ | |
| ၂ | | | စာသင်ကျောင်း ပြုပြင်ခြင်း | ၂ | |
| ၃ | | | ရေကန် တူးဖော်ခြင်း | ၃ | |
| ၄ | | | အတိုးနှုန်းသက်သာသည့်ချေးငွေရရှိခြင်း | ၄ | |
| ၅ | | | လျှပ်စစ်မီး ရရှိခြင်း | ၅ | |
| ၆ | | | စာကြည့်တိုက် ပြုပြင်ခြင်း | ၆ | |
| ၇ | | | လယ်ယာလုပ်ငန်း စက်ယန္တရားများ ရရှိရေး | ၇ | |
| ၈ | | | အမျိုးသမီးစိတ်ဓာတ်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်ပေးခြင်း | ၈ | |
| ၉ | | | စက်ချုပ်သင်တန်း ဖွင့်လှစ်ခြင်း | ၉ | |
| ၁၀ | | | စိုက်ပျိုးရေးနည်းပညာပေး သင်တန်း ဖွင့်လှစ်ခြင်း | ၁၀ | |
| ၁၁ | | | အိမ်တိုင်ရာရောက် ရေသွယ်ခြင်း | ၁၁ | |

၅။ **တောင်တွင်းကြီးမြို့နယ် ၊ ဆိတ်ဖူးကျင်းကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ**

| စဉ် | လုပ်ငန်းအမည် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း | ၁ | √ | | | | |
| ၂ | စာသင်ကျောင်း ပြုပြင်ခြင်း | ၂ | | √ | | | |
| ၃ | ရေကန် တူးဖော်ခြင်း | ၃ | | √ | | | |
| ၄ | အတိုးနှုန်းသက်သာသည့်ချေးငွေရရှိခြင်း | ၄ | | | √ | | |
| ၅ | လျှပ်စစ်မီး ရရှိခြင်း | ၅ | | √ | | | |
| ၆ | စာကြည့်တိုက် ပြုပြင်ခြင်း | ၆ | | | | √ | |
| ၇ | လယ်ယာလုပ်ငန်း စက်ယန္တရားများ ရရှိရေး | ၇ | | | | | √ |
| ၈ | အမျိုးသမီးစိတ်ဓာတ်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်ပေးခြင်း | ၈ | | | | √ | |
| ၉ | စက်ချုပ်သင်တန်း ဖွင့်လှစ်ခြင်း | ၉ | | √ | | | |
| ၁၀ | စိုက်ပျိုးရေးနည်းပညာပေး သင်တန်း ဖွင့်လှစ်ခြင်း | ၁၀ | | √ | | | |
| ၁၁ | အိမ်တိုင်ရာရောက် ရေသွယ်ခြင်း | ၁၁ | | | | | √ |

၆။ **ကျေးရွာဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား (၁) ဆိတ်ဖူးကျင်းကျေးရွာ၏ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၈ | ၉ | ၁၇ |
| ၁ နှစ်မှ ၄ နှစ်အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၆ | ၃၀ | ၄၆ |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၅၅ | ၃၉ | ၉၄ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၅ | ၅၁ | ၁၀၆ |
| ၁၅ နှစ်မှ ၆၄ နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၀၉ | ၄၄၈ | ၈၅၇ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၅ | ၃၂ | ၄၇ |
| **စုစုပေါင်း** | | **၅၅၈** | **၆၀၉** | **၁၁၆၇** |
| **စုစုပေါင်းအိမ်ထောင်စု** | | **၂၃၆** | | |

ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ဆိတ်ဖူးကျင်းကျေးရွာရှိ လူငယ် လူလတ် အများစုမှာ အလုပ်လုပ်ကိုင်နိုင်သူများဖြစ်ပြီး အသက်(၆၀)နှစ်အထက် လူဦးရေ(၃၀%)သည် ကျန်းမာရေးအတင့်အသင့် ရှိကြောင်း တွေ့ရှိရပါသည်။ကျေးရွာရှိ အလုပ်လုပ်နိုင်သည့် လူဦးရေမှာ (၇၃%) ရှိသောကြောင့် လူ့စွမ်းအား အရင်းအမြစ် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

## (၂) သဘာဝရင်းမြစ်နှင့်ဝဝ်ရာသီဥတုအခြေအနေ

## (၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့်ဝဝ် ရေအရင်းအမြစ်အခြေအနေ

ဇယား (၂) ဆိတ်ဖူးကျင်း ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း၊သင့်ဝဝ်၊ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သောရေ အရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊မြစ်၊စိမ့်ဝဝ် စမ်း စသည့်ဝဝ်) |
|---|---|---|---|---|
| လယ်မြေ | ၂၄၀ | ကောင်း | အနည်းအကျဉ်း | မိုးရေ/ ရေတွင်း |
| ယာမြေ/တောင်ယာမြေ | ၅၀၆.၅ | သင့်ဝဝ် | အနည်းအကျဉ်း | - |
| ဥယျာဉ်ခြံမြေ | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| ဓနိတောမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| သစ်တောမြေ | ၁၀ | သင့်ဝဝ် | - | - |
| **စုစုပေါင်း** | **၇၅၆.၅** | | - | - |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိ/ရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဆိတ်ဖူးကျင်းကျေးရွာ၏ ယာမြေဧကမှာ (၅၀၆.၅) ဧကရှိပြီး ကြံနှင့်ဝဝ် နှမ်း ၊ ဝါ ၊ ပဲ တို့ကို သာ အဓိက စိုက်ပျိုးပါသည်။လယ်မြေဧကမှာ (၂၄၀) ဧကရှိပြီး စပါးနှင့်ဝဝ်ကုလားပဲ အဓိက စိုက်ပျိုးရပြီး မိုးရေကိုသာ အဓိက မှီခိုနေရပါသည်။

## (၂.၂) ဓာတ်သတ္တုနှင့်ဝဝ်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၃) ဆိတ်ဖူးကျင်း ကျေးရွာ၏ ဓာတ်သတ္တုနှင့်ဝဝ် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ၊သင့်ဝဝ်၊နည်း၊မရှိ) | အသုံးပြုနိုင်မှု (လွယ် ၊ ခက် ၊ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန်(ဓာတ်ငွေ့၊ရေနံ) | မရှိ | လက်လှမ်းမမီ |
| ဓာတ်သတ္တု(ကျောက်မျက်၊သတ္တု) ကျောက်၊ကျောက်မီးသွေး၊သဲ)စသည့်ဝဝ် သဘာဝအရင်းအမြစ် | မရှိ | လက်လှမ်းမမီ |
| တိရစ္ဆာန်မျိုးစိပ်များ | နည်း | လွယ် |
| အပင်မျိုးစိပ်များ (လူ၊တိရစ္ဆာန်တို့အတွက်အသုံးဝင်သော | သင့်ဝဝ် | လွယ် |
| ပျမ်းမျှအပူချိန် - ၁၀၉ F | ပျမ်းမျှမိုးရေချိန် - ၄၀" | |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိ/ရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဆိတ်ဖူးကျင်းကျေးရွာအနီးတဝိုက်တွင် သဲနှင့်ကျောက်မှာ အတော်အသင့် ရရှိနိုင်ပါသည်။လူနှင့်တိရစ္ဆာန်များအတွက် အပင်မျိုးစိပ် အများအပြား ရှိပါသည်။ရာသီဥတု အခြေ အနေမှာ ပူပြင်းသဖြင့် လူနှင့်တိရစ္ဆာန်များ ၊ အပင်မျိုးစိပ်များအတွက် ကျန်းမာရေး ဂရုစိုက် ရပါသည်။

(၃) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**

ဇယား(၄) ဆိတ်ဖူးကျင်း ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| **စဉ်** | **အဖွဲ့အစည်း အမည်** | **အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)** | **လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်အထက် ရွေးနိုင်သည်)** | **အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်း မှုဆိုင်ရာ ရှင်းလင်း ဖော်ပြချက်** |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | ၁√ ၂□ ၃ □ | ပညာရေး √ ငွေကြေး √<br>ကျန်းမာရေး √ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး √<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး √ | - |
| ၂ | ဘာသာရေး အဖွဲ့ | ၁□ ၂ □ ၃ √ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | - |
| ၃ | ပရဟိတ အဖွဲ့ | ၁□၂ √ ၃ □ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး √ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | - |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်အထက် ရွေးနိုင်သည်) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်း မှုဆိုင်ရာ ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|
| ၄ | မီးသတ် အဖွဲ့ | ၁□၂ √ ၃ □ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး□ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့်ကာကွယ်ရေး √ | - |
| ၅ | ကျောင်း ကော်မတီ အဖွဲ့ | ၁□၂ √ ၃ □ | ပညာရေး √ ငွေကြေး □<br>ကျန်းမာရေး□ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | - |
| ၆ | အမျိုးသမီး အဖွဲ့ | ၁□၂ √ ၃ □ | ပညာရေး □ ငွေကြေး √<br>ကျန်းမာရေး □ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ □ | - |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိ/ရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဆိတ်ဖူးကျင်းကျေးရွာ၏ အလှူလုပ်ငန်းများ ၊ ပရဟိတလုပ်ငန်းများကို ရွာဦးဆရာတော်ဘုရား နှင့် ကျောင်းဂေါပကအဖွဲ့အစည်းမှ အဓိက ဦးဆောင်ပြီး လပြည့် လကွယ် တိုင်းတွင်လည်း ပဌာန်းအဖွဲ့မှာ ဘုရားဝတ်တက်ပူဇော်ကြပါသည်။ကျေးရွာ၏ သာရေး ၊ နာရေး လုပ်ငန်းများကို ရပ်မိရပ်ဖများနှင့် ပရဟိတ လူများမှ အဓိကလုပ်ဆောင်ကြပါသည်။

## (၄) စီးပွားရေးနှင့်လူမှုဘဝအသက်မွေးမှုအခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား(၅)ဆိတ်ဖူးကျင်း ကျေးရွာ၏ ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၂၀ ဧက | ၁၀ ဧက | ၅ ဧက | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်ခံ ၊ သွပ်မိုး | ပျဉ်ထောင် ၊ သွပ်မိုး | သွပ်မိုး ၊ ဝါးထရံကာ | ထရံ / သက္ကယ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ထွန်စက် နွားလှည်း | ဆိုင်ကယ် ၊ နွားလှည်း | နွားလှည်း | - |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | တောင်သူ | ကျပန်း |
| အိမ်ထောင်စု | ၆ | ၄၄ | ၁၂၂ | ၆၄ |

ရင်းမြစ်-(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ဆိတ်ဖူးကျင်းကျေးရွာ၏ အိမ်ထောင်စုအများစုမှာ တောင်သူလယ်သမားဖြစ်သောကြောင့် ဝင်ငွေနည်းပါးသဖြင့် လူငယ်အချို့မှာ ပြည်တွင်း ပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်ကြရပါသည်။

**(၄.၂) သီးနှံထုတ်လုပ်မှု**

**(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား(၆) ဆိတ်ဖူးကျင်းကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု ရာခိုင်နှုန်း | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၆၄ | ၂၇ | မြေမဲ့ ယာမဲ့ |
| ၂ | ၂.၅ ဧကအောက်(၁ဟက်တာထိ) | ၁၂၂ | ၅၂ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ဧကအထိ(ဟက်တာထိ) | ၂၄ | ၁၀ | တောင်သူငယ် |
| ၄ | ၅ဧကမှ ၁၂.၅ဧကထိ (၅ ဟက်ထာထိ) | ၂၀ | ၈ | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် (၅ ဟက်တာနှင့်အထက်) | ၆ | ၃ | တောင်သူကြီး |
| | ကျေးရွာရှိ အိမ်ထောင်စု စုစုပေါင်း | ၂၃၆ | | |

ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း-
လယ်သမားအုပ်စု ၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
(၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

**လေ့လာတွေ့ရှိချက်။** ။ဆိတ်ဖူးကျင်းကျေးရွာ၏ အိမ်ထောင်စုအများစုမှာ စိုက်ပျိုးရေးကို အဓိက အားကိုးနေရသဖြင့် စိုက်ပျိုးမြေပိုင်ဆိုင်မှု အသင့်အတင့် ရှိကြောင်း တွေ့ရှိရပါသည်။

**(၄-၂-၂) ဆိတ်ဖူးကျင်းကျေးရွာ၏ အဓိက သီးနှံများနှင့်၎င်း အထွက်နှုန်း**

ဇယား (၇) အဓိကသီးနှံများနှင့်၎င်း အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၂၅၆ | တင်း | ၃၀ | ၆၅ | ၄၀ | - |
| နှမ်း | ၃၂၀ | တင်း | ၂ | ၄ | ၃ | - |
| ကြံ | ၁၅၆ | တန်ချိန် | ၈ | ၃၀ | ၁၅ | - |
| ပဲကြီး | ၈၀ | တင်း | ၄ | ၁၀ | ၈ | - |

ရင်းမြစ်-ဦးတည်အုပ်စုဆွေးနွေးခြင်း၊ လယ်သမားအုပ်စု ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ အဓိကသီးနှံစပါးအတွက် ဆည်များ ၊ ရေလှောင်တမံများ မရှိပါ။ မိုးရေကိုသာ အားကိုးနေရပါသည်။နှမ်း ၊ ပဲသီးနှံနှင့်၎င်း အခြားသော သီးနှံများအတွက် စိုက်ပျိုးရေး အထောက်အကူပစ္စည်းများ စိုက်ပျိုးရေးနည်းပညာများ အနည်းငယ် လိုအပ်သော်လည်း သီးနှံများ အထွက်နှုန်းမှာ အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

## (၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား(၈)ဆိတ်ဖူးကျင်းကျေးရွာ၏ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| **မွေးမြူရေးနှင့်ငါးလုပ်ငန်း** | **မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသော ကောင်ရေအိမ်ထောင်စု** | **ကောင်ရေ** |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၈၀ | ၄၅၅ |
| နို့စားနွား | - | - |
| ကျွဲ | - | - |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | - | - |
| ကြက် | ၁၆၀ | ၁၉၃ |
| ဘဲ | ၂၀၀ | ၁၆၅၂ |
| နွားနောက် | - | - |
| ငါးလုပ်ငန်း | - | - |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - |
| ရေချိုငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဆိတ်ဖူးကျင်းကျေးရွာတွင် လယ်မြေများ ၊ ယာမြေများ ထွန်ယက် စိုက်ပျိုးရန်အတွက် နွားများကို သာ အဓိကမွေးမြူကြပါသည်။စီးပွားဖြစ် မွေးမြူရေးမှာ နွား ၊ ဝက် ၊ ကြက် တို့ဖြစ်ပြီး မိသားစု လုပ်ငန်းအဆင့်သာ ရှိပြီး ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ မရှိကြောင်း တွေ့ရှိ ရပါသည်။

